• Vol.1 No.2 February, 2022

# HUMAN RIGHTS NEWSLETTER

A Monthly Publication of the
Myanmar National Human Rights Commission

## ကော်မရှင်ပုံမှန်အစည်းအဝေးနှင့် အုပ်ချုပ်မှုစီမံခန့်ခွဲရေးကော်မတီ အစည်းအဝေးများ ကျင်းပခြင်း




မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ပုံမှန်အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၂) ကို ၂၇-၁-၂၀၂၂ ရက်နေ့တွင် Video Conferencing System ဖြင့် ကျင်းပခဲ့ရာ ကော်မရှင်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင်အဖွဲ့ဝင်များ၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။ အဆိုပါအစည်းအဝေးတွင် ကော်မရှင်ဥက္ကဋ္ဌနှင့် ဒုတိယဥက္ကဋ္ဌ တို့က အဖွင့်အမှာစကားပြောကြားခဲ့ပြီး မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၏ လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင် ရေးအတွက် သက်ဆိုင်ရာ ဘာသာရပ်တာဝန်ခံ ကော်မရှင်အဖွဲ့ဝင်များက တင်ပြဆွေးနွေးခဲ့ကြပါသည်။

ကော်မရှင်၏ ၂၀၂၂ ခုနှစ် ဇန်နဝါရီလအတွက် အုပ်ချုပ်မှု စီမံခန့်ခွဲရေး ကော်မတီ အစည်းအဝေးအမှတ်စဉ် (၁/ ၂၀၂၂) ကို ၆-၁-၂၀၂၂ ရက်နေ့တွင် ကျင်းပခဲ့ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ဒုတိယ ဥက္ကဋ္ဌ၊ အလှည့်ကျကော်မရှင်အဖွဲ့ဝင်များဖြစ်သည့် ဦးတင်အောင်နှင့် ဒေါက်တာမြင့်သူမြိုင်၊ အထူး ဖိတ်ကြားခံရသည့် ကော်မရှင်အဖွဲ့ဝင် (ဘဏ္ဍာ) ဦးကျော်မြင့်၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပါသည်။

---


| | | | |
|---|---|---|---|
| ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင် ကြည့်ရှု စစ်ဆေးခြင်း | တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်းများတွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း | (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ အခမ်းအနားတွင် အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ပထမဆုရ ကဗျာ | ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် သန်လျင်လူငယ်သင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေးခြင်း |
| • စာမျက်နှာ- ၂ >> | • စာမျက်နှာ- ၄ >> | • စာမျက်နှာ- ၆ >> | • စာမျက်နှာ- ၆ >> |




• စာမျက်နှာ ၂ သို့

# ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင် ကြည့်ရှုစစ်ဆေးခြင်း

- ရှေ့ဖုံးမှ >>



ဇန်နဝါရီလ ၂၈ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်ဒုတိယဥက္ကဋ္ဌ ဒေါက်တာနန္ဒာလှမွန်း၊ ကော်မရှင်အဖွဲ့ဝင် ဒေါ်နုနုယဉ်နှင့် ဦးကျော်မြင့်တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၆-၁-၂၀၂၂ ရက်နေ့နှင့် ၂၈-၁-၂၀၂၂ ရက်နေ့များတွင် ကင်းသာ (၁)၊ (၂) ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ/ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ/ မရှိ၊ ရသင့်ရထိုက်သော အသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညှဉ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးခဲ့သည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်း သား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ ဆေးခန်း၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ Quarantine ထားရှိ သည့်အဆောင်၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိကို လည်းကောင်း၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေတို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ ပါသည်။ ကုန်ထုတ်စခန်းများနှင့် နေပြည်တော်အချုပ်ထောင်တို့ကို ကော်မရှင်မှ ဗဟုသုတရဖွယ်ရာ စာအုပ်စာပေ (၄၀၀) အုပ်တို့ကို လှူဒါန်းခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ် သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။

# မြိတ်အကျဉ်းထောင်၊ ကျောက်ဖြူတောင်ကုန်ထုတ်စခန်း၊ ဆင်ဖြူရှင် စိုက်ပျိုးမွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ မြိတ်မြို့ရှိ မြို့မရဲစခန်းအချုပ်ခန်းနှင့် တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း

ဇန်နဝါရီလ ၁၄ ရက်

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဦးကျော်စိုးနှင့် ဦးပေါ်လွင်စိန် တို့ ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၂-၁-၂၀၂၂ ရက်နေ့မှ ၁၄-၁-၂၀၂၂ ရက်နေ့ထိ တနင်္သာရီတိုင်းဒေသကြီးရှိ မြိတ်အကျဉ်းထောင်၊ ကျောက်ဖြူတောင် ကုန်ထုတ်စခန်း၊ ဆင်ဖြူရှင် စိုက်ပျိုး မွေးမြူရေးနှင့် အသက်မွေးမှုအတတ်သင်စခန်း၊ မြိတ်မြို့ပေါ်ရှိ မြို့မရဲစခန်း အချုပ်ခန်းနှင့် တရားရုံး အချုပ်ခန်း တို့ကို ကြည့်ရှုစစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား၊ အချုပ်သား များကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံးရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စား သောက်မှု၊ ကျန်းမာရေးစောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်း




- စာမျက်နှာ ၃ သို့

များ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ အသုံးအဆောင် ပစ္စည်းများရရှိခြင်းရှိ မရှိ၊ ညဥ်းပန်းနှိပ်စက်မှုရှိ မရှိ စသည်တို့ကို မေးမြန်း မှတ်တမ်း တင်ခြင်း၊ တစ်ဦးချင်း တွေ့ဆုံလိုသူ အကျဉ်းသား/အချုပ်သားများကို သီးခြား တွေ့ဆုံကာ ယင်းတို့၏ တင်ပြချက်များကို မှတ်တမ်း တင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော် ဆောင်ရွက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးသည်။

အကျဉ်းထောင်နှင့် ကုန်ထုတ်စခန်းများကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အချုပ်သားများ၏ အိပ်ဆောင်များ၊ တိုက်ခန်းများ၊ ဆေးရုံဆောင်၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာစတို၊ သောက်ရေ သန့်စက်နှင့် သုံးရေကန်များ၊ မိလ္လာများကိုလည်းကောင်း၊ ရဲစခန်းအချုပ်ခန်း များကို ကြည့်ရှုစစ်ဆေးစဉ် အချုပ်ခန်းအတွင်း သန့်ရှင်းရေး၊ မိလ္လာများသန့်ရှင်းရေးနှင့် သောက်သုံး ရေသုံးစွဲရမှုအခြေအနေများ၊ လိုအပ် သည့်ဆေးဝါးများနှင့် ထားရှိသင့်သည့်ဆေးကိရိယာပစ္စည်းများ လုံလောက်စွာရရှိမှုအခြေအနေနှင့် ကိုဗစ် ၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထား ရှိမှုအခြေအနေများနှင့် ကိုဗစ် ၁၉ ရောဂါကာကွယ် ဆေးထိုးနှံပြီးစီးမှု အခြေအနေများကို ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်အပေါ် အခြေခံ၍ လိုအပ် သလို စိစစ်ဆောင်ရွက်ပေးနိုင်ရေးအတွက် အကြံပြုချက်များကို သက်ဆိုင်ရာဌာနများသို့ ပေးပို့သွားမည် ဖြစ်ပါသည်။

---

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ ကျိုင်းတုံအကျဉ်းထောင်နှင့် ကျိုင်းတုံမြို့၊ တာချီလိတ်မြို့မ ရဲစခန်း၊ တရားရုံးအချုပ်ခန်းများ ကြည့်ရှုစစ်ဆေးခြင်း



**ဇန်နဝါရီလ ၁၂ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင် ဦးကျော်မြင့် ဦးဆောင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၁၀-၁-၂၀၂၂ ရက်နေ့နှင့် ၁၁-၁-၂၀၂၂ ရက်နေ့များတွင် ကျိုင်းတုံ အကျဉ်းထောင်နှင့် ကျိုင်းတုံမြို့မရဲစခန်း၊ တရားရုံးအချုပ်ခန်းများကိုလည်းကောင်း၊ ၁၂-၁-၂၀၂၂ ရက်နေ့တွင် တာချီလိတ်မြို့မရဲစခန်း၊ တရားရုံးအချုပ်ခန်းများကိုလည်းကောင်း သွားရောက်ကြည့်ရှု စစ်ဆေးခဲ့ပါသည်။

ကြည့်ရှုစစ်ဆေးရာတွင် ကော်မရှင်ဥပဒေ ပြဋ္ဌာန်းချက်များနှင့်အညီ အကျဉ်းသား/အကျဉ်းသူ၊ အချုပ်သား/အချုပ်သူများကို အုပ်စုလိုက်ခွဲ၍ တွေ့ဆုံကာ အကျဉ်းသားတစ်ဦး၏ အနိမ့်ဆုံး ရရှိမည့် အခွင့်အရေးဖြစ်သော နေထိုင်စားသောက်မှု အခြေအနေများ၊ ကျန်းမာရေး စောင့်ရှောက်မှု ရှိ မရှိ၊ ထောင်ဝင်စာပစ္စည်းများ စုံလင်စွာ ရရှိခြင်း ရှိ မရှိ၊ ရသင့်ရထိုက်သောအသုံးအဆောင်ပစ္စည်းများ ရရှိခြင်း ရှိ မရှိနှင့် ညဥ်းပန်းနှိပ်စက်မှု ရှိ မရှိ စသည်တို့ကို မေးမြန်းမှတ်တမ်းတင်ခြင်းနှင့် ယခင်က ကြည့်ရှုစစ်ဆေးသည့် အကြံပြုချက်များအပေါ် အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခြင်းများ ပြုလုပ်ခဲ့ပါသည်။

ကျိုင်းတုံအကျဉ်းထောင်ကို ဝင်ရောက်ကြည့်ရှုစစ်ဆေးစဉ် အကျဉ်းသား/ အကျဉ်းသူ၊ အချုပ် သား/အချုပ်သူများ၏ အိပ်ဆောင်များ၊ အချုပ်ထောင်၊ အကျဉ်းထောင်ဆေးရုံ၊ တိုက်ခန်းများ၊ စာကြည့်တိုက်၊ စားဖိုကြီး၊ ရိက္ခာဂိုထောင်၊ ရေသန့်စက်၊ သောက်ရေနှင့် သုံးရေကန်များ၊ Quarantine ထားရှိသည့်အဆောင်၊ အတွင်း/အပြင် မိလ္လာများ သန့်ရှင်းမှု ရှိ မရှိတို့ကို လည်းကောင်း၊ လတ်တလောဖြစ်ပွားလျက်ရှိသော ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှု အခြေအနေ တို့ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးခဲ့ပါသည်။


ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ အကြံပြုပေးပို့သွားမည် ဖြစ်ပါသည်။



• စာမျက်နှာ ၄ သို့

- ရှေ့ဖုံးမှ >>

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း



**ဇန်နဝါရီလ ၁၈ ရက်**


မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုး တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ၁၈-၁-၂၀၂၂ ရက်နေ့ ၀၇:၄၀ နာရီအချိန်မှ ၁၀:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဗထူး) တွင် ဖွင့်လှစ်လျက်ရှိသော ခြေလျင်တပ်ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၉၇) နှင့် ခြေလျင်တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၂၀၈) တို့၌ ၁၈-၁-၂၀၂၂ ရက်နေ့ ၀၇:၄၀ နာရီအချိန်မှ ၁၀:၅၀ နာရီအချိန်အထိ Video Conferencing System ဖြင့် သင်ခန်းစာပို့ချခဲ့ပါသည်။ သင်တန်းတွင် လူ့အခွင့်အရေးအခြေခံ အယူအဆများ၊ မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင် ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းတို့ကို ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့် ကလည်းကောင်း၊ ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်းကို ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုး ကလည်းကောင်း သင်ခန်းစာများ ပို့ချခဲ့ကြပါသည်။ သင်တန်းတွင် ခြေလျင်တပ်ရင်းမှူးသင်တန်း၊ အမှတ်စဉ် (၉၇) မှ သင်တန်းသားဦးရေ ၂၉ ဦးနှင့် ခြေလျင်တပ်ခွဲမှူး သင်တန်း၊ အမှတ်စဉ် (၂၀၈) မှ သင်တန်းသား ဦးရေ (၁၂၃) ဦး၊ စုစုပေါင်း (၁၅၂) ဦး တက်ရောက်ခဲ့ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်နှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုးတို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် Video Conferencing System ဖြင့် သင်ခန်းစာပို့ချခြင်း

**ဇန်နဝါရီလ ၁၈ ရက်**



မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တို့သည် တပ်မတော် (ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် ၁၈-၁-၂၀၂၂ ရက်နေ့ ၀၇:၄၀ နာရီအချိန်မှ ၁၀:၅၀ နာရီအချိန်အထိ လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချသည်။

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးတို့သည် တပ်မတော်



- စာမျက်နှာ ၅ သို့

(ကြည်း) တိုက်ခိုက်ရေးကျောင်း (ဘုရင့်နောင်) တွင် လူ့အခွင့်အရေးဆိုင်ရာ သင်ခန်းစာများ ပို့ချခဲ့ပါသည်။ သင်တန်း တွင် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် လုပ်ငန်းဆောင်ရွက်ချက်များ အကြောင်းကို ဒုတိယဥက္ကဋ္ဌ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းကလည်းကောင်း၊ လူ့အခွင့်အရေး အခြေခံ အယူအဆများနှင့် ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်း အကြောင်းကို ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး ကလည်း ကောင်း သင်ခန်းစာများ ပို့ချခဲ့ကြပါသည်။ သင်တန်း တွင် ခြေလျင် တပ်ခွဲမှူးသင်တန်း၊ အမှတ်စဉ် (၆၉၊ ၇၀) မှ သင်တန်းသားဦးရေ စုစုပေါင်း (၂၄၁) ဦး တက်ရောက်ခဲ့ ကြပြီး သင်တန်းသားများမှ သိရှိလိုသည့် မေးခွန်းများကို မေးမြန်းကြရာ ဒုတိယညွှန်ကြားရေးမှူးချုပ် ဒေါက်တာ ခိုင်ခိုင်ဝင်းနှင့် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး တို့က ပြန်လည်ဖြေကြားခဲ့ပါသည်။

---

## ကော်မရှင်နှင့် Mandalay Advertising (Animation) ရေးဆွဲရေးအဖွဲ့တို့ တွေ့ဆုံခြင်း




**ဇန်နဝါရီလ ၂၈ ရက်**

အများပြည်သူထံသို့ လူ့အခွင့်အရေး အသိပညာ ပြန့်ပွားစေရေးအတွက် ကော်မရှင်နှင့် Mandalay Advertising (Animation) ရေးဆွဲရေးအဖွဲ့တို့ တွေ့ဆုံညှိနှိုင်း အစည်းအဝေးကို ဇန်နဝါရီလ ၂၈ ရက်နေ့၊ ၁၃:၀၀ နာရီ တွင် ကော်မရှင်ရုံး၊ Conference Room ၌ ကျင်းပသည်။

အစည်းအဝေးတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က အဖွင့်အမှာစကား ပြောကြားပြီးနောက် ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူး ခေါင်းဆောင်သော လူ့အခွင့်အရေးဘာသာရပ် ညှိနှိုင်းရေးဆွဲ ရေးအဖွဲ့မှ ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း အပိုဒ် (၃၀) အနက် Animation Video ပြုလုပ်ထားရှိ သည့် အပိုဒ် (၅) ပိုဒ် အား အပိုဒ်များပါ ဖော်ပြချက်များနှင့်အညီ အခွင့်အရေး များအလိုက် ပြည့်ပြည့်ဝဝ သရုပ်ဖော်ထားမှု ရှိ/ မရှိနှင့် အခွင့်အရေး ဖော်ပြချက်များ ပေါ်လွင်မှု ရှိ/ မရှိတို့ကို လူ့ အခွင့်အရေး ရှုထောင့်မှ အကြံပြု သုံးသပ်ဆွေးနွေးကြ ပါသည်။

Mandalay Advertising (Animation) ရေးဆွဲ ရေးအဖွဲ့က အကြံပြုသည့် အပိုဒ်အချို့နှင့် စပ်လျဉ်း၍ ပြင်ဆင်ရမည့် ကဏ္ဍများအား အကျယ်တဝင့်ဆွေးနွေးရာ ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်၊ ညွှန်ကြားရေးမှူး ဦးဇော်လွင်ထူးနှင့် ညွှန်ကြားရေးမှူး ဦးအာကာဟိန်းစိုး တို့က ဝိုင်းဝန်း ဖြည့်စွက် အကြံပြု ဆွေးနွေးကြပါသည်။

---

စာမျက်နှာ ၆ သို့

• ရှေ့ဖိုးမှ >>

### အခွင့်အရေးနှင့်တာဝန်

လွတ်လပ်မှုနဲ့ အခွင့်အရေးဟာ
လူတိုင်းမွေးရာပါ။
လူမျိုး ဘာသာ မခွဲခြား
ကမ္ဘာ့နိုင်ငံသား။
အစေအပါး မပြုစေ
တန်းတူ လုံခြုံပေ။
တွေးခေါ် ဝေဖန် နိုင်စွမ်းများ
လွတ်လပ်ကြစေသား။
ပြဋ္ဌာန်းထားတဲ့ ဥပဒေ
လူတိုင်းလိုက်နာစေ။
အခြေခံပညာ သင်နိုင်ဖို့
ဝိုင်းဝန်းဆောင်ရွက်စို့။
ပိုင်းခြားမရှိ အခွင့်တွေ
လူတိုင်း ရကြစေ။
ကူညီ ကာကွယ် မြှင့်တင်ရေး
တို့များ အစဉ်တွေး။

**ကေရီ**

(၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့
အထိမ်းအမှတ် ကဗျာပြိုင်ပွဲ ပထမဆုရကဗျာ

## မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး၊ လစဉ်ဆန္ဒဖော်ထုတ်ပွဲ ကျင်းပခြင်း



**ဇန်နဝါရီလ ၃၁ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ဝန်ထမ်းများ လစဉ်တွေ့ဆုံဆွေးနွေး ဆန္ဒဖော်ထုတ်ပွဲကို ၃၁-၁-၂၀၂၂ ရက်နေ့ (၁၃:၀၀) နာရီအချိန်တွင် ကော်မရှင် ရုံးချုပ်ရှိ Conference Room ၌ ကျင်းပခဲ့ရာ ညွှန်ကြားရေးမှူးချုပ်၊ ညွှန်ကြားရေးမှူးများနှင့် ဌာန (၁) ခုလျှင် ဝန်ထမ်း (၅) ဦး နှုန်းဖြင့် ဌာန (၆) ခုမှ ဝန်ထမ်း (၃၀) ဦးတို့တက်ရောက်ခဲ့ပြီး ကော်မရှင်ရုံးချုပ်ရှိ ကျန်ဝန်ထမ်းများနှင့် ရုံးခွဲများမှဝန်ထမ်းများမှာ Zoom Meeting စနစ်ဖြင့် တက်ရောက်ခဲ့ကြပါသည်။

## ရွှေဂုံတိုင်ကလေးပြုစုရေးဌာန၊ ကြည့်မြင်တိုင်မျက်မမြင်ကျောင်းနှင့် သန်လျင်လူငယ်သင်တန်းကျောင်းတို့အား ကြည့်ရှုစစ်ဆေးခြင်း

• ရှေ့ဖိုးမှ >>

**ဇန်နဝါရီလ ၂၈ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်မှ အဖွဲ့ဝင်များဖြစ်ကြသော ဦးကျော်စိုး၊ ဒေါက်တာသန်းမြင့်၊ ဒေါက်တာမြင့်သူမြိုင်နှင့် ဦးတင်အောင် တို့ပါဝင်သော ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ၂၅-၁-၂၀၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ ဗဟန်းမြို့နယ်ရှိ ရွှေဂုံတိုင်ကလေးပြုစုရေးဌာနနှင့် ကြည့်မြင်တိုင် မြို့နယ်ရှိ ကြည့်မြင်တိုင်မျက်မမြင်ကျောင်း တို့ကိုလည်းကောင်း၊ ၂၈-၁-၂၀၂၂ ရက်နေ့တွင် ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်ရှိ သန်လျင်လူငယ်သင်တန်းကျောင်းကို လည်းကောင်း သွားရောက်ကြည့်ရှုစစ်ဆေးခဲ့ပါသည်။





• စာမျက်နှာ ၇ သို့

ကြည့်ရှုစစ်ဆေးရေးအဖွဲ့သည် ရွှေဂုံတိုင်ကလေး ပြုစုရေးဌာနတွင် စောင့်ရှောက်ထားသော ရေးဦးအရွယ် ကလေးသူငယ်များ၏ ကျန်းမာရေးစောင့်ရှောက်မှု၊ အာဟာရကျွေးမွေးမှု၊ အခြေခံပညာနှင့် မူကြိုပညာရေးအတွက် ဆောင်ရွက်ပေးနေမှုကဲ့သို့သော ပြုစုစောင့်ရှောက်ပျိုးထောင်ပေးနေမှု အခြေအနေများ၊ ကြည့်မြင်တိုင် မျက်မမြင်ကျောင်းတွင် ကျောင်းသားကျောင်းသူများအား စာပေနှင့် အသက်မွေးဝမ်းကျောင်း ပညာများအား လေ့ကျင့်သင်ကြားပေးနေမှုအခြေအနေ၊ သန်လျင်လူငယ် သင်တန်းကျောင်းတွင် စောင့်ရှောက်ထားသော ကလေးသူငယ်များ၏ ပညာသင်ကြားခွင့်၊ ကျန်းမာရေးစောင့်ရှောက်ခွင့်၊ အိပ်ဆောင်များ၊ အစားအစာ ကျွေးမွေးမှု အခြေအနေ၊ သန့်ရှင်းသော သောက်သုံးရေရရှိခွင့်၊ မိသားစုနှင့် ပြန်လည်ပေါင်းစည်းခွင့်၊ လွတ်လပ်စွာ ယုံကြည်ကိုး ကွယ်ခွင့်စသည့် အခြေခံလူ့အခွင့်အရေးများ ရရှိခြင်း ရှိ မရှိတို့ကို ကြည့်ရှုစစ်ဆေး ခဲ့ပြီး ကလေးသူငယ်များ အသိပညာတိုးပွားစေရန် ရည်ရွယ်၍ စာကြည့်တိုက်များနှင့် စာဖတ်ခန်းများ တွင်ထားရှိရန် သုတ၊ ရသ၊ ကျန်းမာရေး၊ ဘာသာရေး စာအုပ်မျိုးစုံ အုပ်ရေ (၁၀၀) နှင့် ကမ္ဘာ့လူ့အခွင့်အရေး ကြေညာစာတမ်း မြန်မာပြန် စာသားများပါရှိသော မှတ်စုစာအုပ် (၄၀၀) အုပ်တို့ကို ကော်မရှင်မှ လှူဒါန်းခဲ့ရာ သက်ဆိုင်ရာ ကျောင်းအုပ်များ ကလက်ခံရယူခဲ့ပါသည်။

ကော်မရှင် ကြည့်ရှုစစ်ဆေးရေးအဖွဲ့၏ ကလေးပြုစုရေးဌာန၊ မျက်မမြင်ကျောင်း၊ လူငယ် သင်တန်းကျောင်းများ၏ ကြည့်ရှုစစ်ဆေးရေးခရီးစဉ်အတွင်း စစ်ဆေးတွေ့ရှိချက်နှင့် အကြံပြုချက်များကို လိုအပ်သလို အရေးယူဆောင်ရွက်ပေးနိုင်ရေးအတွက် သက်ဆိုင်ရာသို့ ပေးပို့သွားမည်ဖြစ် ပါသည်။



## Video Editing သင်တန်းပြုလုပ်ခြင်း



**ဇန်နဝါရီလ ၁၄ ရက်**

လူ့အခွင့်အရေးမြှင့်တင်ရေးနှင့် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများတွင် လက်တွေ့ အသုံးပြုနိုင်စေရန်ရည်ရွယ်၍ Video Editing သင်တန်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး တွင် ၁၂-၁-၂၀၂၂ ရက်နေ့မှ ၁၄-၁-၂၀၂၂ ရက်နေ့အထိ (၃) ရက်တာ ဆောင်ရွက်ခဲ့ပါသည်။ အဆိုပါ သင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်းမြင့်က အဖွင့် အမှာစကား ပြောကြားခဲ့ပါသည်။ သင်တန်းကို ကော်မရှင် ရုံး e-Government ဌာနက တာဝန်ယူ သင်ကြားပို့ချမှုများ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံး ဝန်ထမ်း (၁၂) ဦး တက်ရောက် ခဲ့ကြပါသည်။

## Microsoft Excel သင်တန်းပြုလုပ်ခြင်း




**ဇန်နဝါရီလ ၂၁ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး ဝန်ထမ်းများအတွက် ကွန်ပျူတာ စွမ်းဆောင်ရည် မြှင့်တင်ရေး တစ်ရပ်အနေဖြင့် Microsoft Excel သင်တန်းကို မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးတွင် ၁၇-၁-၂၀၂၂ ရက်နေ့မှ ၂၁-၁-၂၀၂၂ ရက်နေ့အထိ (၅) ရက်တာ ဆောင်ရွက် ခဲ့ပြီး အဆိုပါသင်တန်းတွင် ကော်မရှင်အဖွဲ့ဝင် ဒေါက်တာသန်း မြင့် က အဖွင့် အမှာစကားပြောကြားခဲ့ပါသည်။ သင်တန်းကို ကော်မရှင်ရုံး e-Government ဌာနက တာဝန်ယူသင်ကြားပို့ချ မှုများ ဆောင်ရွက်ခဲ့ပြီး ကော်မရှင်ရုံး ဝန်ထမ်း (၁၂) ဦး တက် ရောက်ခဲ့ကြပါသည်။



စာမျက်နှာ ၈ သို့

# ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ အသိပညာပေး Webinar ကျင်းပပြုလုပ်ခြင်း



**ဇန်နဝါရီလ ၁၂ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်၊ ကိုဗစ်-၁၉ ရောဂါနှင့် စပ်လျဉ်း၍ အသိပညာပေး Webinar ကို ၂၀၂၂ ခုနှစ်၊ ဇန်နဝါရီလ ၁၂ ရက်နေ့ နံနက် ၁၀:၀၀ နာရီ အချိန် တွင် ကျင်းပပြုလုပ်ရာ ကော်မရှင် ဥက္ကဋ္ဌ၊ ကော်မရှင် ဒုတိယဥက္ကဋ္ဌနှင့် ကော်မရှင် အဖွဲ့ဝင်များ၊ ကော်မရှင်ရုံး ညွှန်ကြားရေးမှူးချုပ်နှင့် ကော်မရှင်ရုံး ဝန်ထမ်းများ၊ ကော်မရှင်ရုံးခွဲများမှ ဝန်ထမ်းများ ပါဝင် တက်ရောက်ခဲ့ကြပါသည်။

အခမ်းအနားတွင် ကော်မရှင် အဖွဲ့ဝင် ဒေါက်တာ သန်းမြင့်က Moderator အဖြစ် ဆောင်ရွက်ပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပြည်သူ့ကျန်းမာရေး ဦးစီးဌာနမှ လက်ထောက် ညွှန်ကြားရေးမှူး ဒေါက်တာသက်စုမွန်က "ရန်ကုန်တိုင်းဒေသကြီး အတွင်း ကိုဗစ်-၁၉ ထိန်းသိမ်းခြင်း လုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အကြောင်း" ခေါင်းစဉ်ဖြင့် ကိုဗစ် ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်မှု အခြေအနေများကို ရှင်းလင်းဆွေးနွေးခဲ့ပါသည်။ အစီအစဉ်အရ ကိုဗစ်-၁၉ အိုမီခရွန်မျိုးကွဲနှင့် စပ်လျဉ်းသည့် အသိပညာပေး Video Clip ကို ပြသခဲ့ပြီးနောက် တက်ရောက်လာသူများက သိရှိလိုသည်များကို မေးမြန်းမှုများ အပေါ် ပြန်လည် ရှင်းလင်း ဆွေးနွေးပြီး ကော်မရှင် ဥက္ကဋ္ဌက ကျေးဇူးတင်စကား ပြောကြား၍ ၁၁:၃၀ နာရီ အချိန်တွင် အခမ်း အနားကို ရုပ်သိမ်းခဲ့ပါသည်။

# မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံးရှိ ဝန်ထမ်းများရာထူးတိုးမြှင့်ရေးနှင့် ပြင်ပမှ ခေါ်ယူသည့် အငယ်တန်းစာရေးများအား ရေးဖြေနှင့်လူတွေ့စာမေးပွဲများ ကျင်းပခြင်း



**ဇန်နဝါရီလ ၂၁ ရက်**

မြန်မာနိုင်ငံ အမျိုးသား လူ့အခွင့်အရေး ကော်မရှင်ရုံး၌ လစ်လပ်လျက်ရှိသော အငယ်တန်းစာရေး ရာထူးနေရာများတွင် ခန့်ထားနိုင်ရေး သတင်းစာကြော်ငြာ ထည့်သွင်းခေါ်ယူခဲ့ရာ လျှောက်ထားလာသည့် အငယ်တန်းစာရေး ဝန်ထမ်းလောင်းများအား ၆-၁၂-၂၀၂၁ ရက်နေ့တွင် လူတွေ့စာမေးပွဲ ကျင်းပ၍စိစစ်ခဲ့ပါသည်။ ထို့အတူ ဌာနတွင်းရှိ ဝန်ထမ်းများ ရာထူးတိုးမြှင့်ရေးအတွက် ၇-၁-၂၀၂၂ ရက်နေ့တွင် ရေးဖြေစာမေးပွဲအားလည်းကောင်း၊ ၈-၁-၂၀၂၂ ရက်နေ့တွင် လူတွေ့စာမေးပွဲအားလည်းကောင်း ကျင်းပ၍စိစစ်ခဲ့ပါသည်။ ဦးစီးအရာရှိနှင့် လက်ထောက် ညွှန်ကြားရေးမှူးများအား ရာထူးတိုးမြှင့်နိုင်ရေးအတွက် ၂၀-၁-၂၀၂၂ ရက်နေ့တွင် ရေးဖြေစာမေးပွဲနှင့် ၂၁-၁-၂၀၂၂ ရက်နေ့တွင် လူတွေ့စာမေးပွဲ ကျင်းပခြင်းများ ပြုလုပ်ခဲ့ပါသည်။



# ဆက်သွယ်ရန် လိပ်စာများ




အမှတ် (၂၇)၊ ဖ မိုင်ခွဲ၊ ပြည်လမ်း၊ လှိုင်မြို့နယ်။

ဖုန်း– ၀၁၆၅၄၆၇၀

website: https://mnhrc.org.mm

facebook: www.facebook.com/myanmar

**နေပြည်တော် (ရုံးခွဲ)**

သဇင်လမ်းနှင့် ဇော်ဂျီလမ်းထောင့်၊ ရွှေကြာပင်ရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်။

ဖုန်း – ၀၆၇၃၄၃၂၅၉၅

**မန္တလေး (ရုံးခွဲ)**

ဦးပိုင်အမှတ် ၃၅ (ကါဃ)၊ ကမ်းနားလမ်း၊ ၃၄ လမ်းနှင့် ၃၅ လမ်းကြား၊ ဒေးဝန်းအနောက်ရပ်ကွက်၊ချမ်းအေးသာဇံမြို့နယ်၊ မန္တလေးမြို့။ဖုန်း – ၀၉၅၃၄၃၆၅၀

**ရခိုင်ပြည်နယ် (ရုံးခွဲ)**

ရခိုင်ပြည်နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြည်နယ်ရုံး၊ စစ်တွေမြို့။

ဖုန်း –၀၉၄၂၅၈၆၀၀၀၈

---

*မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်ရုံး*

*e-Government ဌာနမှ တာဝန်ယူ ထုတ်ဝေပါသည်။*

*e-government@mnhrc.org.mm*